


# သင်၏ကျန်းမာရေး သင်၏အနာဂတ်

**သားအိမ်ခေါင်းစစ်ဆေးစမ်းသပ်မှု တစ်ခုကို ရယူပါ။**

Burmese | မြန်မာစာ




## သားအိမ်ခေါင်းဆိုတာ ဘာလဲ၊

သားအိမ်ခေါင်းဆိုသည်မှာ အမျိုးသမီး မျိုးပွားစနစ်၏ အစိတ်အပိုင်းဖြစ် သည်။ ၎င်းသည် မွေးလမ်းကြောင်း၏ ထိပ်တွင် ရှိပြီး မွေးလမ်းကြောင်းကို သားအိမ်နှင့် ဆက်ထားပေးပါသည်။

## HPV ဆိုတာ ဘာလဲ၊

The human papillomavirus (HPV) ဆိုသည်မှာ အရေပြားချင်း ထိတွေ့မှု ရှိသော လိင် ဆက်ဆံခြင်း အပါအဝင် လိင်ဆက်ဆံမှုမှ တစ်ဆင့် တစ်ဦးမှ တစ်ဦးထံသို့ ကူးစက်သွားသည့် ဖြစ်လေ့ဖြစ်ထ ရှိ သော ဗိုင်းရပ်(စ်) တစ်မျိုးဖြစ်ပါသည်။ HPV သည် သားအိမ်ခေါင်းကင်ဆာ၏ အဓိက အကြောင်းအရင်းဖြစ်ပါသည်။

## သားအိမ်ခေါင်းကင်ဆာဆိုတာ ဘာလဲ။

သားအိမ်ခေါင်းကင်ဆာသည် အလေး အနက်ထားရမည့် ရောဂါတစ်ခုဖြစ်ပါ သည်။ **စောစောပိုင်းအဆင့်များတွင် မည် သည့် ရောဂါလက္ခဏာများမှ မပေါ်နိုင်ပါ၊** သားအိမ်ခေါင်းစစ်ဆေးစမ်းသပ်ခြင်းသည် ကင်ဆာဖြစ်နိုင်သော ပြောင်းလဲချက်များကို ရှာဖွေနိုင်သည်။ **စမ်းသပ်ခြင်းသည် အသက်ကို ကယ်တင်နိုင်ပါသည်။**

## သားအိမ်ခေါင်းစစ်ဆေးစမ်းသပ်ခြင်းဆိုတာ ဘာလဲ။

သားအိမ်ခေါင်းစစ်ဆေးစမ်းသပ်ခြင်းသည် ပက်စမီးယား စစ်ဆေးနည်းကို အစားထိုးထားသည်။ ၎င်းစစ်ဆေးခြင်များသည် HPV ဟုခေါ်သော ဗိုင်းရပ်စ်ပိုးကို စစ်ဆေးပြီး ဆရာဝန် သို့မဟုတ် သူနာပြုက လုပ်ပေးသည့်အပြင် သင်ကိုယ်တိုင် စစ်ဆေးနိုင်သည်။

ထိုစမ်းသပ်မှုမှာ မြန်ဆန်ပြီး **အန္တရာယ်ကင်းပါသည်။** ထိုစမ်းသပ်မှုသည် တစ်ခါတစ်ရံတွင် သက်တောင့်သက်သာမရှိသော်လည်း နာကျင်မှုမရှိပါ။ ထိုစမ်းသပ်မှုသည် အပျိုစင်ဖြစ်မှုကို ထိခိုက်ခြင်းမရှိပါ။

သင် ပြုလုပ်နိုင်ပါသည် -

- အမျိုးသမီး ဆရာဝန် သို့မဟုတ် သူနာပြု**ကို တောင်းဆိုနိုင်ပါသည်။**
- စကားပြန်**တောင်းဆိုနိုင်ပါသည်။**
- သူငယ်ချင်း သို့မဟုတ် အတူနေသူ/ ခင်ပွန်း ကို ခေါ်သွားနိုင်ပါသည်။

## ဤစစ်ဆေးစမ်းသပ်ခြင်းကို သင် မည်သည့်အခါတွင် စစ်ဆေးရန် လိုအပ်သနည်း။

သင်သည် အသက် 25 နှစ်နှင့် အထက် ဖြစ်ပြီး လိင်ဆက်ဆံမှု တစ်စုံတစ်ရာ ရှိခဲ့ဖူးပါလျှင် စမ်းသပ်မှုပြုလုပ်ရန်အ တွက် ဆရာဝန် သို့မဟုတ် သူနာပြုတဦးနဲ့ တွေ့ဆုံရန် ရက်ချိန်းယူထားပါ။

သင်သည် **ပုံမှန် သားအိမ်ခေါင်းစစ် ဆေးစမ်းသပ်မှုကို ၅နှစ်လျှင်တစ်ကြိမ်** အသက် ၇၄ နှစ်အထိ ခံယူသင့်ပါ သည်။ သင်၏ နောက်ဆုံး ဓါတ်ခွဲခန်းအဖြေမှာ ကောင်းနေသည့်တိုင်အောင် နောက် တစ်ကြိမ်စမ်းသပ်မှုအတွက် ရက်ချိန်းယူရန် သတိပေးချက်ကို သင် ရရှိပါလိမ့်မည်။

## HPV ကာကွယ်ဆေးဆိုတာ ဘာလဲ။

ဩစတြေးလျတွင် လူအများကို HPV မှ ကာကွယ်ရန် ကူညီပေးသည့် ကာကွယ်ဆေး တစ်မျိုးရှိပါသည်။

၇ တန်းတွင် တက်ရောက်နေသော ယောကျ်ားလေးများအပါအဝင် ကျောင်းသူ/သားများ အားလုံး HPV ကာကွယ်ဆေးကို အခမဲ့ထိုး နိုင်ပါ သည်။ ကာကွယ်ဆေးကို ၆လ မှ ၁၂လ ခြားပြီး နှစ်ကြိမ်ထိုးပေးပါသည်။ အကယ်၍ သင်သည် မိဘ သို့မဟုတ် စောင့်ရှောက်သူတစ်ဦး ဖြစ်လျှင် ကျောင်းမှ စာတစ်စောင်ရပြီး သင့်ကလေးကို ကာကွယ်ဆေးထိုးစေချင်လျှင် ထိုစာကို လက်မှတ်ထိုးပြီး ကျောင်းကိုပြန်ပို့ပေးပါ။ ၎င်းကာကွယ်ဆေးသည် သင်၏ ကလေးများ လိင်မှုဆိုင်ရာအပြုအမူစတင်ကြတဲ့အချိန် သို့မဟုတ် အိမ်ထောင်ပြုသည့်အခါမှာ သူတို့ကို HPV မှ ကာကွယ် ရန် ကူညီပေးပါလိမ့်မည်။

အကယ်၍ သင့်ကလေးသည် ကျောင်း တွင် ကာကွယ်ဆေး မထိုးဖြစ်ခဲ့လျှင် အသက် ၁၉ နှစ်အထိ အခမဲ့ ဆေးထိုး ခွင့် ရနိုင်ပါသေးသည်။ လူကြီးတစ်ဦးအနေနှင့် ကာကွယ်ဆေး ထိုးချင်လျှင် သင့်ဆရာဝန်ကို မေးပါ။

သင် HPVကာကွယ်ဆေးထိုးပြီးသော်လည်း သားအိမ်ခေါင်းစစ်ဆေးစမ်းသပ်မှုကို အသက် ၂၅နှစ်မှ စပြီး ဆက်လက်ခံ ယူနေ ရန် လိုအပ်ပါသည်။ ထိုကာကွယ်ဆေးသည် HPV အမျိုးအစား အားလုံးကို ကာကွယ်မှု မပေးနိုင်သောကြောင့် ဖြစ်ပါသည်။

ဤကာကွယ်ဆေးသည် အန္တရာယ်ကင်းပါသည်။ ၎င်းက ကင်ဆာကို မဖြစ်စေပါ။ သားသမီးရရှိရန် ပြဿနာများကို မဖြစ်ပေါ်စေပါ။


true relationships & reproductive health

Queensland Government

V1-20210513

# သားအိမ်ခေါင်းစစ်ဆေးစမ်းသပ်မှုတစ်ခုသည် အသက်ကိုကယ်တင်နိုင်ပါ သည်။

## သားအိမ်ခေါင်းကင်ဆာဖြစ်သူအများစုသည် မည်သည့်အခါမျှ သားအိမ်ခေါင်းကင်ဆာ စစ်ဆေး စမ်းသပ်ခြင်းကို မစစ်ဆေးခဲ့ပါ သို့မဟုတ် လွန်ခဲ့သည့် ငါးနှစ်အတွင်း စစ်ဆေးမှုကို မလုပ်ခဲ့ပါ။




## သားအိမ်ခေါင်းစစ်ဆေးစမ်းသပ်ခြင်းကို မည်သို့စစ်ဆေးသနည်း။

**သင် နှစ်မျိုး ရွေးချယ်နိုင်သည်။**

သင့် အရည်စနမူနာကို သင်ကိုယ်တိုင် ထုတ်ယူနိုင်သည် သို့မဟုတ် သင့်ဆရာဝန် သို့မဟုတ် သူနာပြုက သင့်အရည်စနမူနာကို ထုတ်ယူပေးနိုင်သည်။ နည်းလမ်းနှစ်မျိုးလုံးမှာ တိကျပြီး ဘေးကင်းသည်။

### ဆရာဝန်/သူနာပြုက ထုတ်ယူခြင်း

ကိုယ်ရေးလုံခြုံမှုအတွက် သင်၏ ခန္ဓာကိုယ်အောက်ပိုင်းကို ပိတ်စဖြင့် ဖုံးအုပ်ထားနိုင်သည်။

ဆရာဝန် သို့မဟုတ် သူနာပြု မှ ကိုယ်တွင်းကြည့်ကရိယာတစ်ခုကို သင့်မွေးလမ်းကြောင်းအတွင်းသို့ ထည့်သွင်းလိုက်ပါမည်။

ပြီးနောက် ၎င်းတို့သည် သားအိမ်ခေါင်းမှ အရည်စနမူနာကို ထုတ်ယူရန် နူးညံ့သော စုတ်တံအသေးကိုသုံးပြီး ထိုနမူနာကို ဓါတ်ခွဲခန်းသို့ စစ်ဆေးရန် ပို့ပေးသည်။

ဓါတ်ခွဲခန်းအဖြေများ အဆင့်သင့်ဖြစ်လျှင် ဆရာဝန် သို့မဟုတ် သူနာပြုမှ သင့်အား ဆက်သွယ်ပါလိမ့်မည်။ မဆက်သွယ်လျှင် သင်၏ ဓါတ်ခွဲခန်းအဖြေအတွက် ထိုဆေးခန်းကို ဆက်သွယ်ပါ။




သင့်အား ရက်ချိန်းပြန်လာရန် ပြောလျှင် သင် လာရောက်ရန် အလွန်အရေးကြီးပါသည်။

### ကိုယ်တိုင် ထုတ်ယူခြင်း


ဆရာဝန် သို့မဟုတ် သူနာပြုသည် သင့်အား တို့ဖတ်တံတစ်ခုကို ပေးပြီး ဘာလုပ်ရမည်ကို ရှင်းပြပါမည်။

သင်သည် သင်၏အရည်စနမူနာကို ဆေးခန်းရှိ လိုက်ကာနောက်တွင် သို့မဟုတ် ရေသန့်ခန်းတွင် သီးသန့်ထုတ်ယူနိုင်သည်။

တို့ဖတ်တံကို ၁၀-၃၀ စက္ကန့် လှည့်ပြီးနောက် ပြန်ထုတ်ကာ အထုပ်ထဲသို့ ပြန်ထည့်ပါ။

ပျော့ဖတ်အတံကို ၁၀-၃၀ စက္ကန့် မွှေပေးပြီးနောက် ပြန်ထုတ်ပြီး အထုပ်ထဲပြန်ထည့်ပါ။

သင့်အနေဖြင့် ဆရာဝန် သို့မဟုတ် သူနာပြုကို အချိန်မရွေး အကူအညီတောင်းနိုင်သည်။






**သားအိမ်ခေါင်းကင်ဆာ မဖြစ်ရန် အကောင်းဆုံး ကာကွယ်ခြင်းမှာ သားအိမ် ခေါင်းစစ်ဆေးစမ်းသပ်ခြင်း ကို ငါးနှစ်လျှင်တစ်ကြိမ် ခံယူရန် ဖြစ်ပါသည်။**

### အခမဲ့ သားအိမ်ခေါင်း စစ်ဆေးစမ်းသပ်မှု တစ်ခုကို သင် မည်သည့်နေရာ တွင် စစ်ဆေးနိုင်သနည်း။

- ဆရာဝန် (အထွေထွေရောဂါကု) ဆေးခန်း “အခမဲ့ ရယူနိုင်ပါသလား” မေးပါ။
- ဒေသခံ ကျန်းမာရေးဌာနများ
- **True Clinic** - Brisbane, Ipswich, Toowoomba, Cairns နှင့် Rockhampton တွင်ရှိပါသည်။




**Brisbane ရှိ True Clinic ကို ဆက်သွယ်ပါ။**

07 3250 0200
clinicreception@true.org.au
**true.org.au/clinic**

true relationships & reproductive health


ဤရင်းမြစ်ပစ္စည်းကို Culturally Responsive Health Advisory Group နှင့် လူမှုအသိုက်အဝန်း ဆွေးနွေးမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်၍ လုပ်ထားသည်။


Queensland Government


V2-20220118